# စီးပွါးေရးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေ အကြောင်းနှင့် မကြာခဏမေးလေ့မေးထရှိသော မေးခွန်းများ

ဤလျှောက်လွှာပုံစံတွင် စီးပွါးရေးလုပ်ငန်းတစ်ခုက စီးပွါးရေးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေလျှောက်ထားရန် လိုအပ်သော ပဏာမအချက်အလက်များအား ပါဝင်သည်။ ရှေ့သို့မဆက်မီ ပိုမိုသိရှိရန်အတွက် လျှောက်ထားသူသည် အောက်ဖော်ပြထားသည်များကို သေချာစွာဖတ်ရှုပြီး ပြင်ဆင်ချက်များကိုသိရှိရန်အတွက် မကြာခဏပြန်လည်စစ်ဆေးရန် အကြံပြုလိုပါသည်။

ကျွနု်ပ်တို့သည် SmallBusinessGrants@lisc.org သို့ပေးပို့သော စုံစမ်းမှုများကိုစောင့်ကြည့်လျှက်ရှိပြီး လျှောက်ထားမည့်သူအားလုံး ပွင့်လင်းမြင်သာမှုရှိရန်နှင့် အချက်အလက်များရယူနိုင်ရန် အဖြေများနှင့် ပြင်ဆင်ချက်များကို တင်ပေးမည်ဖြစ်သည်။

## LISC အကြောင်း

LISC သည် ဝန်ဆောင်မှုအပြည့်အဝမရရှိခဲ့သော လူ့အသိုင်းအဝိုင်းများကို ပြန်လည်ရှင်သန်စေရန်နှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် စီးပွါးရေးအခွင့်အလမ်းပေးနိုင်ရန် စီမံကိန်းများနှင့် အစီအစဉ်များကို ပံ့ပိုးသော နိုင်ငံ၏အကြီးဆုံး လူမှုစီးပွါးရေးလုပ်ငန်းများထဲမှ တစ်ခုဖြစ်သည်။ ကျွနု်ပ်တို့သည် လူအများကို ငွေကြေးအခွင့်အလမ်းနှင့် ချိတ်ဆက်ပေးသော တန်ဖိုးနည်းအိမ်ယာများ၊ အရည်အသွေးရှိသောကျောင်းများ၊ ပိုမိုဘေးကင်းသောလမ်းများ၊ ကြီးထွားနေသော စီးပွါးရေးလုပ်ငန်းများနှင့် အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွါးမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် လူ့အသိုင်းအဝိုင်းများ၊ စီးပွါးရေးလုပ်ငန်းများနှင့် လူများကို ပံ့ပိုးရန် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများကို ပေးကမ်းလျှက်ရှိပါသည်။ ကျွန်ုပ်တို့အကြောင်း ပိုမိုသိရှိရန်။

## ထောက်ပံ့ငွေလျှောက်လွှာ အထွေထွေအချက်အလက်များ

---

## အကျုံးဝင်မှု

လျှောက်ထားသူများသည် စီးပွါးရေးလုပ်ငန်းတစ်ခုအတွက်သာ လျှောက်ထားနိုင်ပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ စီးပွါးရေးလုပ်ငန်းများစွာရှိသော လုပ်ငန်းရှင်များဖြစ်ပါက သင်ပိုင်ဆိုင်သောအကြီးမားဆုံးစီးပွါးရေးလုပ်ငန်း တစ်ခုပေါ်တွင် အခြေခံ၍ ဤလျှောက်လွှာကိုဖြည့်စွက်ပါ။ ထောက်ပံ့ငွေကို တစ်ဦးစီ၏ လုပ်ငန်းအခွန် အိုင်ဒီအရ တစ်ဦးလျှင်တစ်ခု ကန့်သတ်ထားပါသည်။

အရည်အချင်းပြည့်မီသော စီးပွါးရေးလုပ်ငန်းအား ထောက်ပံ့ငွေပေးမည်ဖြစ်ပြီး၊ ရရှိရန် အကျုံးဝင်မှုသည် တိကျမှန်ကန်၍ ပြီးပြည့်စုံသော လျှောက်လွှာတင်သွင်းမှုပေါ်တွင် မူတည်ပါသည်။ အရောင် စီးပွါးရေးစွမ်းဆောင်ရှင်များ၊ အမျိုးသမီးပိုင်၊ စစ်မှုထမ်းဟောင်းပိုင် နှင့် သမိုင်းကြောင်းအရ ပြောင်းလွယ်ပြင်လွယ်ပြီး တတ်နိုင်သောမတည်ငွေ မရှိသူများဖြစ်သည့် ဝန်ဆောင်မှုအပြည့်အဝမရရှိခဲ့သော နေရာများတွင်ရှိ စီးပွါးရေးလုပ်ငန်းများအား အထူးသဖြင့် ဦးစားပေးမည်။

ထောက်ပံ့ငွေရရှိသူများအားလုံးက သူတို့သည် လူ့အသိုင်းအဝိုင်း၏ အကောင်းဆုံး အကျိုးစီးပွါးကို လုပ်ဆောင်နေကြောင်းနှင့် သူတို့သည် COVID-19 ကပ်ရောဂါကြောင့် အကျိုးစီးပွါး ထိခိုက်ခဲ့ရသည်ကို မှန်ကန်ကြောင်းပြသရန်လိုအပ်သည်။

အကျိုးအမြတ်မယူသောအဖွဲ့အစည်းများသည် ဤသက်သာချောင်ချိရေး ထောက်ပံ့ငွေအစီအစဉ်အတွက် အကျုံးမဝင်ပါ။ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် တစ်ဦးတည်းပိုင်များအတွက် ရရှိနိုင်သည့် နောက်ဆုံးပေါ်အရင်းအမြစ်များကို LISC ၏ Covid-19 အရင်းအမြစ်စာမျက်နှာ- https://www.lisc.org/covid-19/covid-resources/ တွင်စစ်ဆေးရန်မမေ့ပါနှင့်။

## **ပုဂ္ဂိုလ်ရေးလျှို့ဝှက်မှု**

လျှောက်လွှာတင်သည့်အခါ အချက်အလက်များကို ပေးအပ်ခြင်းသည် လျှောက်လွှာရှင်တိုင်း၏ တာဝန်ဖြစ်သည်။ ပေါ်တယ်သို့တင်သွင်းသော လျှောက်လွှာများကို အများပြည်သူနှင့် အခြားလျှောက်လွှာရှင်များမသိရှိရစေရန် လျှို့ဝှက်ထားမည်ဖြစ်သည်။ LISC, ၎င်း၏အဖွဲ့ခွဲများ၊ အသင်းဝင်များ၊ မိတ်ဖက်များ၊ နှင့် ဝန်ထမ်းများသည် ထိုလျှောက်လွှာပုံစံတွင် ပါရှိသော အချက်အလက်တို့အား အသုံးချခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပျောက်ဆုံးမှု၊ ပျက်စီးမှု၊ ကုန်ကျစရိတ်ဖြစ်စေမှု သို့မဟုတ် အချက်အလက်လုံလောက်မှု၊ တိကျမှန်ကန်မှု၊ သို့မဟုတ် ပြည့်စုံမှုတို့အတွက် တာဝန်မယူပါ။ အသေးစိတ်ကို LISC ၏ ပုဂ္ဂိုလ်ရေးလျှို့ဝှက်မှု မူဝါဒတွင်ကြည့်ပါ။

## အကျိုးစီးပွါး ဝိရောဓိ

LISC ၏ လက်ရှိညွှန်ကြားရေးမှူးများ၊ အရာရှိများ၊ ဝန်ထမ်းများနှင့် ကန်ထရိုက်ထာများ၊ နှင့် ၎င်းတို့တစ်ဦးစီ၏ မိသားစုဝင်များ (အိမ်ထောင်ဖက်၊ မိဘများ၊ သားသမီးများ၊ မြေးများ၊ မြစ်များ၊ နှင့် သားသမီးများ၊ မြေးများ၊ မြစ်များ၏ အိမ်ထောင်ဖက်များ) သည် ထောက်ပံ့ငွေကို လျှောက်ထားရန် သို့မဟုတ် ရယူရန်အကျုံးမဝင်ပါ။ LISC နှင့်ထိုကဲ့သို့အကျိုးစီးပွါးဝိရောဓိမဖြစ်စေရန် သတ်မှတ်ပေးခြင်းအပြင် လျှောက်လွှာတင်သည့်အဆိုင်းတိုင်း၌ လျှောက်လွှာရှင်များသည် ထိုသီးသန့်အဖွဲ့တွင် ပါဝင်ပတ်သက်နေသည့် လှူဒါန်းသူများ သို့မဟုတ် ငွေကြေးထောက်ပံ့သူများနှင့် ဝိရောဓိမရှိကြောင်းကို အလားတူအသိပေးထားရန် လိုအပ်သည်။ လျှောက်လွှာရှင် သို့မဟုတ် နောက်ဆုံးရွေးချယ်ခံထားရသူက တုန့်ပြန်အသိပေးနိုင်ရန် အဆိုင်းတစ်ခု၌ ဆက်စပ်မှုရှိသော လှူဒါန်းသူများ/ငွေကြေးထောက်ပံ့သူများ၏ စာရင်းကို အတိအလင်းကြေငြာပါမည်။

## သိကြားစေခြင်း

ထောက်ပံ့ငွေချီးမြှင့်ခံရပါက ထိုစီးပွါးရေးလုပ်ငန်း/လျှောက်ထားသူ၏ ချီးမြှင့်သည့်လုပ်ငန်းစဉ်အတွင်း ပေးထားသော လျှောက်လွှာအချက်အလက်များ၊ အမည်၊ ဖော်ပြချက်များ၊ နှင့် အခြားအချက်အလက်များကို မြှင့်တင်ရေးရည်ရွယ်ချက်များဖြင့် ပုံစံမျိုးစုံနှင့် မီဒီယာများ၌ အသုံးပြုကောင်းပြုမည်ဖြစ်ပြီး ထိုကဲ့သို့ရည်ရွယ်ချက်များအတွက် လုပ်ဆောင်မှုကို LISC နှင့်/သို့မဟုတ် ပရိုဂရမ်ကမကထလုပ်သူများက ထိုစီးပွါးရေးလုပ်ငန်း/လျှောက်ထားသူအား ဆက်သွယ်နိုင်ပါသည်။ လျှောက်ထားသူသည် LISC နှင့် ပရိုဂရမ်ကမကထလုပ်သူများအား

ထိုအချက်အလက်များကို အသုံးပြုနိုင်ရန် နောက်ထပ်လျော်ကြေးပေးအပ်ရန်မလိုဘဲ (ဥပဒေတားမြစ်ချက်မှလွဲ၍)၊ နှင့် ထိုအကြောင်းအရာပါများကို ပြန်လည်သုံးသပ်ရန်နှင့်/ သို့မဟုတ် အတည်ပြုပေးရန် အခွင့်အရေးကိုရယူခြင်းမရှိဘဲ ရာသက်ပန်လိုင်စင်ကိုပေးသည်။ အသိပေးချက်မရရှိမချင်း လျှောက်ထားသူများသည် မိမိတို့၏ နောက်ဆုံးအဆင့်အထိရွေးချယ်ခံထားရမှုများစသော အခြေအနေတစ်စုံတစ်ရာကို လူမှုကွန်ယက်မီဒီယာများ၊ သတင်းမီဒီယာများ သို့မဟုတ် ဒေသတွင်းထုတ်ဝေမှုများအပါအဝင် (သို့သော်ကန့်သတ်မထားပါ) တွင်အများသို့ဝေမျှခြင်းမပြုလုပ်ရန် သဘောတူရမည်။

## စောင့်ကြည့်ခြင်း

LISC သည် စီးပွါးရေးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေ ဖြင့်ပြုလုပ်သော အကဲဖြတ်လုပ်ရပ်ကို စောင့်ကြည့်လုပ်ဆောင်နိုင်သည်။ ဤသို့ဆိုရာတွင် ထိုထောက်ပံ့ငွေ၏ အကျိုးသက်ရောက်မှုကို နားလည်စေရန် လိုအပ်သော အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ ဒေတာများကို ပြန်လည်သုံးသပ်ခြင်းပါရှိနိုင်ပါသည်။

## မကြာခဏမေးလေ့မေးထရှိသော မေးခွန်းများ

**ကျွန်ုပ်၏လျှောက်လွှာကိုတင်သွင်းပြီးပါက ပြင်ဆင်ချက်ပြုလုပ်နိုင်ပါသလား။**

သင်သည်လျှောက်လွှာကိုတင်သွင်းပြီးပါက ပြင်ဆင်ချက်မလုပ်နိုင်ပါ။ အကယ်၍သင်သည် လျှောက်လွှာမတင်သွင်းရသေးမီ ဝက်ဘ်စာမျက်နှာမှထွက်လိုက်ပါက သင်လုပ်ထားသည့်အရာများကို

သိမ်းထားနိုင်မည်မဟုတ်သောကြောင့် လျှောက်လွှာရှင်များသည် အွန်လိုင်းလျှောက်လွှာပုံစံကို ဖြည့်စွက်ခြင်းမပြီးဆုံးမီနှင့် မတင်သွင်းမီ သူတို့၏ ဖြေဆိုမှုများကို သီးသန့် အရန်စာတစ်စောင်တွင် သိမ်းထားရန်အကြံပြုပါသည်။ အင်တာနက်ပြတ်တောက်ခြင်းကြောင့် သို့မဟုတ် အခြားဖြစ်နိုင်သော ဝက်ဘ်ဘရောက်စာ ပြဿနာများကြောင့်လည်း သင်လုပ်ထားသည့်အရာများ ပျောက်ပျက်နိုင်ပါသည်။ သင့်လျှောက်လွှာတင်သွင်းပြီးပါက ပြင်ဆင်ချက်များကို ကျွန်ုပ်တို့ လက်မခံနိုင်သောကြောင့် မတင်သွင်းမီ သေချာစွာ ပြန်လည်သုံးသပ်ပါ။

**ထောက်ပံ့ငွေလျှောက်ထားသူများသည် သူတို့၏လျှောက်လွှာကိုတင်သွင်းပြီးကြောင်း အတည်ပြုချက်ရရှိပါသလား။**

လျှောက်ထားသူတိုင်းသည် အကွက်များအားလုံးကိုမှန်ကန်စွာဖြည့်စွက်ပြီး "done" (ပြီးပြီ) ခလုပ်ကိုနှိပ်ပါက အတည်ပြုဖန်သားပြင်တစ်ခုကို တွေ့မည်။

**ကျွန်ုပ်သည် ပြီးခဲ့သောအဆိုင်းများတွင် လျှောက်ထားခဲ့ပါက ထပ်မံလျှောက်ထားရမည်လား သို့မဟုတ် ကျွန်ုပ်၏လျှောက်လွှာသည်ဆက်လက်ပါရှိနေမည်လား။**

မပါဝင်ပါ။ လျှောက်လွှာများသည် နောက်အဆိုင်းများတွင် ဆက်လက်မပါရှိပါ။ သင့်အား အဆိုင်းတစ်ခုရှိ ထောက်ပံ့ငွေအတွက် ထည့်သွင်းစဉ်းစားပေးနိုင်ရန် သင်သည် ထောက်ပံ့ငွေအဆိုင်းတစ်ခုစီအတွက် လျှောက်လွှာအသစ်တစ်စောင်ကို တင်ရမည်။ အဆိုင်းတစ်ခုစီတွင် ထူးခြားသောအင်္ဂါရပ်များနှင့် ကွဲပြားသောငွေကြေးထောက်ပံ့သူ လိုအပ်ချက်များရှိပါသည်။

**လျှောက်လွှာကိုဖြည့်စွက်စဉ် ကျွန်ုပ်သည်အမှားအသိပေးချက် “၃.၁။ သင်သည်မိတ္တူပွားမှတ်တမ်းတစ်ခုကို ဖန်တီးနေသည်။ ယင်းသို့လုပ်မည့်အစား လက်ရှိမှတ်တမ်းတစ်ခုကို အသုံးပြုသင့်ပါသည်။” ဟုတွေ့နေရပါသည်။ ကျွန်ုပ်ဘာလုပ်ရမည်လဲ။**

သင်သည်ယခင်ကလျှောက်ထားခဲ့ပါက သင်ပြန်လည်တင်သွင်းစဉ်အတွင်း ထိုအသိပေးချက်ကိုတွေ့နိုင်သည်။ ယင်းသို့ဖြစ်ပါက လျှောက်လွှာကို သင်ယခင်ကတင်သွင်းခဲ့သော အမည်ပထမစာလုံး၊ နောက်ဆုံးစာလုံးနှင့် အီးမေးလ်လိပ်စာအတိုင်း တသွေမတိမ်းတူညီစေလျက် လျှောက်လွှာကိုတင်သွင်းပါ။

**ကျွန်ုပ်သည် LISC Covid သက်သာချောင်ချိရေးထောက်ပံ့ငွေကိုယခင်အဆိုင်းတွင် ရရှိခဲ့ပါက နောက်လာမည့်အဆိုင်းများတွင် ထပ်မံလျှောက်ထားနိုင်ပါမည်လား။**
ယခင် LISC Covid သက်သာချောင်ချိရေးထောက်ပံ့ငွေ အုပ်စုများတွင် ချီးမြှင့်ခံရသည့်သူများသည် ချီးမြှင့်မှုတစ်ခုထက်ပို၍ရရှိရန် သတ်မှတ်ချက်မပြည့်မီသောကြောင့် ၎င်းတို့တွင်စီးပွါးရေးလုပ်ငန်း အများအပြားရှိစေကာမူ ထပ်မံလျှောက်ထားခြင်းမပြုလုပ်နိုင်ပါ။

**တင်သွင်းမှုလက်ခံသည့် ပေါ်တယ်သည် မည်သည့်အချိန်တွင်ပိတ်ပါသလဲ။**
လျှောက်လွှာများကို "အဆိုင်းများ" ဖြင့်လက်ခံနေပါသည်။ အဆိုင်းတစ်ဆိုင်းကို တစ်ပတ်ကြာဖွင့်ထားပြီးလျှင်ပိတ်ပါသည်။ ထိုအဆိုင်းတစ်ဆိုင်းစီ၏ ရက်စွဲများကို LISC ဝက်ဘ်ဆိုက်တွင်တင်ထားပါသည်။

**မှတ်ပုံတင်ခြင်းဆိုသည်မှာဘာပါလဲ။**
သင်သည် ထောက်ပံ့ငွေအဆိုင်းများဖွင့်လှစ်မှု အသိပေးချက်ကိုရရှိနိုင်ရန် ဤနေရာတွင် စာရင်းသွင်းနိုင်ပါသည်။

**ထောက်ပံ့ကြေးရရှိလျှင် ကျွန်ုပ်ကိုမည်သို့အကြောင်းကြားမည်လဲ။**
LISC သည် လျှောက်ထားသူများအားလုံးကို အီးမေးလ်ဖြင့်ဆက်သွယ်မည်။ အီးမေးလ်ကို အများဖြန့်စာများဝင်သောဖိုင်တွဲများ အပါအဝင်တွင်ပုံမှန်စစ်ဆေးပါ။ ပြင်ဆင်ချက်များကို အီးမေးလ်ဖြင့် **LISC Small Business Relief Grant Program (**notifications@lisc.org**)** (LISC စီးပွါးေရးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေအစီအစဉ်) မှပေးပို့မည်ဖြစ်သည်။ နောက်ဆုံးရွေးချယ်ထားသောသူများသည် နောက်အဆင့်များကို **Small Business Relief Grant Finalist** (စီးပွါးေရးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေ နောက်ဆုံးရွေးချယ်ထားသူများ) ထံမှ ကြားသိရမည်။

နောက်ဆုံးရွေးချယ်ထားသောသူများအားအီးမေးလ်ဖြင့် အသိပေးမည်ဖြစ်ပြီး ယင်းကိုချက်ခြင်းအကြောင်းပြန်ရမည်။ ထောက်ပံ့ကြေးအကြောင်းကြားမှု မက်ဆေ့ချ် သို့မဟုတ် စာကို အကြောင်းပြန်ချက်မပေးပို့နိုင်ပါက သူသည်ထောက်ပံ့ကြေးအကျိုးကျေးဇူးကို

လက်လွတ်ဆုံးရှုံးနိုင်ပြီး ၎င်းအစား ကျန်ရှိသည့် သတ်မှတ်ချက်ပြည့်မီသော နောက်ဆုံးရွေးချယ်ထားသူများထဲမှ တစ်ဦးကိုရွေးချယ်မည်။

**"နောက်ဆုံးရွေးချယ်သူ" ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ၊ နောက်ထပ်စာရွက်စာတမ်းများ လိုအပ်ပါမည်လား။**

သင့်စီးပွါးရေးလုပ်ငန်းကို နောက်ဆုံးရွေးချယ်ထားသူအနေနှင့် ရွေးချယ်ခံရပါက သင့်ကို အီးမေလ်းဖြင့်အကြောင်းကြားမည်။ နောက်ဆုံးရွေးချယ်ထားသူအနေနှင့် ရွေးချယ်ခံရခြင်းသည် သင်ထောက်ပံ့ကြေးရရန် အာမ မခံပါ။ နောက်ဆုံးရွေးချယ်ထားသူ အနေနှင့် သင်သည် ထောက်ပံ့ကြေးထုတ်ပေးသည့် ရင်းမြစ်မှလိုအပ်သည့် သတ်မှတ်ချက်များအတွက် လုပ်ငန်းအချက်အလက်များကို အထူးဂရုစိုက်ကာ စိစစ်ပြီးအတည်ပြုရန်လိုအပ်သည့်အလျောက် နောက်ထပ်စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ပါသည်။ ၎င်းတို့တွင် ကျွန်ုပ်တို့ဆောင်ရွက်မည့် သမိုင်းကြောင်းစစ်ဆေးခြင်း၊ အတည်ပြုအချက်အလက်များ ပါဝင်နိုင်ရန် SSN, TIN/ITIN, EIN, W-9 ကဲ့သို့နောက်ထပ်အချက်အလက်များ ကိုတင်သွင်းခြင်း၊ နှင့် ချီးမြှင့်ခြင်းခံရပါက ACH မှတဆင့်ထောက်ပံ့ကြေးရယူရန် သင့်လျော်သော ဘဏ်အချက်အလက်များပါဝင်သည်။ ထိုသမိုင်းကြောင်းအတည်ပြုခြင်းတွင် ကြွေးမြီစစ်ဆေးခြင်း သို့မဟုတ် ကြွေးမြီရမှတ်စုံစမ်းခြင်းမပါဝင်ပါ။

တရားဝင်ထောက်ပံ့ငွေလျှောက်လွှာများကို [http://www.lisc.org](http://www.lisc.org) တွင်တင်ထားသော လင့်ခ်များမှတဆင့် သာလက်ခံမည်ဖြစ်ပြီး LISC သည်ယာဉ်မောင်းလိုင်စင်များ၊ နိုင်ငံကူးလက်မှတ်များ နှင့်/သို့မဟုတ် အစိမ်းရောင်ကဒ်များ ကဲ့သို့ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများကို မည်သည့်အခါမျှ မတောင်းဆိုပါ။ စီးပွါးရေးလုပ်ငန်းငယ် သက်သာချောင်ချိရေးထောက်ပံ့ငွေ လျှောက်လွှာများသည် သင့်စီးပွါးရေးလုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်ကို ရယူရန် ရည်ရွယ်ပြီး လျှောက်ထားသူများသည် ဤဖောင်ကိုဖြည့်စွက်ရန် ကူညီမှုအတွက် အခကြေးငွေမပေးကြရန် LISC မှအကြံပြုလိုသည်။ အခကြေးငွေပေးသော ဝန်ဆောင်မှုများက လျှောက်လွှာရှင်၏ ရွေးချယ်ခံရမှု အခွင့်အလမ်းများကို မတိုးမြင့်စေပါ။ အကယ်၍သင်သည် အွန်လိုင်းအတုအယောင် ဖြစ်ရပ်များတွေ့ရှိပါက သို့မဟုတ် သင့်ထံတွင်မေးခွန်းများရှိပါက ကျွန်ုပ်တို့ထံ [smallbusinessgrants@lisc.org](mailto:smallbusinessgrants@lisc.org) ဖြင့်အီးမေးလ်ပို့ပါ

**သင့်အားနောက်ဆုံးရွေးချယ်သူ အဖြစ်ရွေးချယ်ပါက သင်သည် အောက်ပါရက်စွဲများတွင် LISC မှအီးမေးလ်ရရှိမည်-**

- အဆိုင်း ၁ - ဧပြီ ၂၉
- အဆိုင်း ၂ - မေ ၂၅
- အဆိုင်း ၃ - ဇွန် ၁၂
- အဆိုင်း ၄ - ဇူလိုင် ၃
- အဆိုင်း ၅ - ဩဂုတ် ၂၁
- အဆိုင်း ၆ - စက်တင်ဘာ ၁၈
- အဆိုင်း ၇ - အောက်တိုဘာ ၁၆

**ချီးမြှင့်သည့်ထောက်ပံ့ငွေပမာဏများမှာ မည်မျှပါလဲ။**

ထောက်ပံ့ငွေများကို ဒေါ်လာ ၅,၀၀၀ မှ ဒေါ်လာ ၂၀,၀၀၀ အထိသတ်မှတ်ထားပါသည်။ LISC သည် ထောက်ပံ့ငွေများကို
Covid-19 ကြောင့် ငွေကြေး အခက်အခဲနှင့် လက်ငင်းရင်ဆိုင်နေရသော စီးပွါးရေးလုပ်ငန်းများအား ထောက်ပံ့ပေးရန် အသုံးပြုသည်။

**ထောက်ပံ့ငွေကို မည်သည့်နေရာတွင် အသုံးပြုနိုင်ပါသလဲ။**

- ငှားရမ်းခနှင့် ရေ၊ မီး အဖိုးအခများ
- ဝန်ထမ်းလစာပေးရန် လုံလောက်စေခြင်း
- ကုန်ပစ္စည်းရောင်းချသူများထံ ပေးရန်ရှိသည့်ကြွေးမြီများကိုပေးခြင်း
- အခြားလက်ငင်းပေါ်ပေါက်လာသော လုပ်ငန်းလည်ပတ်မှုစရိတ်များ

ထောက်ပံ့ငွေရယူသူသည် သူ၏ထောက်ပံ့ငွေအသုံးပြုမှုနှင့် ဆက်စပ်သော ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသတွင်း
(နှင့် အခြားအစိုးရပိုင်းဆိုင်ရာ) ဥပဒေများ၊ အမှုဆောင်အမိန့်များ၊ စည်းမျဉ်းများ နှင့် စည်းကမ်းသတ်မှတ်ချက်များအားလုံးကို အပြည့်အဝလိုက်နာရမည်။

**ပြန်လည်ပေးအပ်စရာတစ်စုံတစ်ရာရှိပါမည်လား။**
မရှိပါ၊ ထိုထောက်ပံ့ငွေများကို ပြန်လည်ပေးရန်မလိုအပ်ပါ။ သို့ရာတွင်၊ **ထောက်ပံ့ငွေလက်ခံရရှိမှုနှင့်/သို့မဟုတ် ယင်းငွေကိုအသုံးပြုခြင်းနှင့် ဆက်စပ်သောဝင်ငွေခွန်အားလုံးသည်** ***ထောက်ပံ့ငွေရယူသူ*** **၏ တစ်ဦးတည်းတာဝန်သာဖြစ်သည်။ LISC သည်ငွေချီးမြှင့်မှုကို အကျုံးဝင်သည့်ဥပဒေအရ LISC မှလိုအပ်သည်ဟုယူဆသည့်အတိုင်း IRS သို့အစီရင်ခံမည်။** ထိုပြင်ဒင်းသည် LISC ၏မူဝါဒဖြစ်ပြီး LISC ထောက်ပံ့ငွေရယူသူများအားလုံးသည် ငွေလက်ခံရရှိမှု၏ ဝင်ငွေခွန်သက်ရောက်မှုကိုသိရှိနိုင်ရန် သူတို့၏ကိုယ်ပိုင် ဝင်ငွေခွန်ဆိုင်ရာပညာရှင်များနှင့်/ သို့မဟုတ် ဥပဒေရေးရာအကြံပေးနှင့် တိုင်ပင်ရန် အကြံပြုပါသည်။ LISC သည် ထောက်ပံ့ငွေ $၆၀၀ သို့မဟုတ်ယင်းထက်များသောငွေအတွက် ပုံစံ 1099 ကိုထုတ်ပေးပါသည်။

**ထောက်ပံ့ငွေလက်ခံရယူခြင်းသည် အခြားဖက်ဒရယ်အကူအညီ သို့မဟုတ် အလုပ်လက်မဲ့အာမခံ သတ်မှတ်ချက်ပြည့်မီမှုအား အကျိုးသက်ရောက်မှုဖြစ်စေမည်လား။**
သင်အလုပ်လက်မဲ့အာမခံ အခွင့်အရေးများလက်ခံရယူစဉ် ကာလအတွင်း ယင်းထောက်ပံ့ငွေကို လစာကုန်ကျစရိတ်များကို ပေးခြင်းဖြစ်ပါက ထောက်ပံ့ငွေသည် သင်၏ အလုပ်လက်မဲ့အာမခံလျော်ကြေး တောင်းဆိုမှုကို အကျိုးသက်ရောက်စေနိုင်သည်။ အလုပ်လက်မဲ့ပံ့ပိုးမှုငွေပမာဏကို ပုံမှန်အားဖြင့် မကြာသေးမီကာလက ဝင်ငွေများ၊ နှင့် အဖြစ်နိုင်ဆုံးမှာ ယခင်အပတ်က လုပ်ခအဖြစ်ရရှိသောဝင်ငွေကို သင်အပတ်စဉ် အတည်ပြုပေးရသောဝင်ငွေပေါ်လိုက်၍ ဆုံးဖြတ်သတ်မှတ်ပေးသည်။ အလုပ်လက်မဲ့အာမခံလျော်ကြေး တောင်းဆိုမှုများနှင့် ပတ်သက်၍ပိုမိုသိရှိလိုပါက သင့်ပြည်နယ်၏ အလုပ်လက်မဲ့ရုံးသို့ ဆက်သွယ်ပြီးတိုင်ပင်ပါ။

LISC မှထောက်ပံ့ငွေချီးမြှင့်ခြင်းသည် စီးပွါးရေးလုပ်ငန်းတစ်ခုက SBA PPP ချေးငွေနှင့် CARES ဥပဒေအရ ရရှိနိုင်သော အခြားဖက်ဒရယ်အကူအညီကို လျှောက်ထားပြီး လက်ခံရရှိနိုင်မှုအား အကျိုးသက်ရောက်မှုမရှိပါ။ သို့ရာတွင် တူညီသောစီးပွါးရေးလုပ်ငန်းတစ်ခု၏ ကုန်ကျစရိတ်များကို LISC ထောက်ပံ့ငွေနှင့် ဖက်ဒရယ်ထောက်ပံ့ငွေ နှစ်မျိုးစလုံးမှ မထောက်ပံ့နိုင်ကြောင်းကို ထောက်ပံ့ငွေရယူသူက မှတ်သားထားပါ။ PPP ချေးငွေနှင့် CARES ဥပဒေအရ အခြားထောက်ပံ့ငွေ ရယူသူများသည် SBA သို့မဟုတ် အခြားအစိုးရအေဂျင်စီမှ တောင်းဆိုပါက သို့မဟုတ်၊ PPP

ချေးငွေတစ်ခု၏ ကြွေးမြီကိုလျှော်ပေးရန် လျှောက်ထားခြင်း၏ တစ်စိတ်တစ်ဒေသအနေနှင့် အခြားထောက်ပံ့ငွေအရင်းအမြစ်ကို PPP ချေးငွေ သို့မဟုတ် CARES ဥပဒေ ထောက်ပံ့ငွေမှပေးအပ်ထားသော တူညီသည့်ကုန်ကျစရိတ်များအတွက် အသုံးမပြုကြောင်းကို ပြသနိုင်ရန်ပြင်ဆင်ထားရမည်။

**ထပ်မံမေးစရာများရှိပါသလား။**

ကျွန်ုပ်တို့သည် **SmallBusinessGrants@lisc.org** သို့ပို့ပေးသော မေးမြန်းစုံစမ်းမှုများကိုစောင့်ကြည့်လျှက်ရှိပြီး အဖြေများနှင့် ပြင်ဆင်ချက်များကို ဤရောက်ရှိသောစာမျက်နှာတွင် လျှောက်ထားသူများအားလုံးအတွက် အချက်အလက်များကို ဝင်ရောက်ရာတွင် ပွင့်လင်းမြင်သာပြီး သာတူညီမျှရှိစေရန် ကြိုးစားပံ့ပိုးလျှက် တင်ပေးပါမည်။